နေ့စဉ်တိုင်းရင်းသားသတင်းများစုဆောင်းတင်ပြခြင်း

(No. 118, August 10, 2021)

၁။ ပေါင်မြို့နယ်မှ ဖမ်းဆီးခံ တက္ကသိုလ်ကျောင်းသူ ၂ ဦးကို ပုဒ်မ ၅၀၅ (က) ဖြင့် အမှုဖွင့်

၂။ မွန်ပြည်နယ်တွင် Stay at Home မြို့နယ် လေးမြို့နယ်ထိရှိလာ

၃။ သိပ်ဇရပ်မြို့အဝင်တွင် ပရဟိတအသင်းပိုင်ယာဉ်တစ်စီး ရှော့တိုက်မိုင်းခွဲခံရ

၄။ မော်လမြိုင်မြို့နယ် ပရဟိတအသင်းများတွင် ကိုဗစ်ကာကွယ်ရေးပစ္စည်းများ လိုအပ်နေ

၅။ ဘူးဂါးလျှပ်စစ်ဝန်ထမ်း ၆ ဦးကို စစ်ကောင်စီတပ် ဖမ်းဆီးခေါ်ဆောင်ပြီး ရဲစခန်းတွင် ထိန်းသိမ်းထား

၆။ စစ်ကောင်စီက လက်နက်ကြီးပစ်ခတ်မည့်သတင်းကြောင့် နွမ်းလန့်ဒေသခံများ တောင်ယာမသွားရဲဖြစ်နေ

၇။ စစ်ကောင်စီတပ် ထောင်ထားသည့် မိုင်းနင်းမိသဖြင့် ဆယ်ကျော်သက် လူငယ်တစ်ဦးသေဆုံး

၈။ စစ်ကောင်စီနှင့် ကိုးကန့်တပ် တိုက်ပွဲကြား ဒေသခံ ၄၀၀ ခန့် နယ်စပ်တွင် ထွက်ပြေးနေရ

၉။ ဗန်းမော်မြို့နဲ့ရွှေကူမြို့ကို လော့ဒေါင်း ၂ ပတ်ထပ်တိုး ချမှတ်ရန် ကြေညာ

၁၀။ တိုက်ပွဲကြောင့် ဖယ်ခုံမြို့နဲ့ ဖရူဆိုမြို့ထဲက ကျေးရွာလေးရွာ စစ်ဘေးရှောင်နေရ

၁၁။ ကရင်နီအမျိုးသားခုခံတော်လှန်ရေးနေ့အခမ်းအနား ကိုဗစ်ကြောင့် မကျင်းပနိုင်

၁၂။ စားနပ်ရိက္ခာ၊ ဆေးဝါးများ ကြိုတင်စုဆောင်းထားရန် KNDF သတိပေး

၁၃။ လွိုင်ကော်မြို့နယ်အတွင်းက စစ်ရှောင်စခန်းတနေရာမှာ ကိုဗစ်လူနာ ၂၂ ဦးထိရှိလာ

၁၄။ နယ်စပ်က စစ်ဘေးရှောင်စခန်းတခုမှာ စာသင်ကျောင်း စတင်ဖွင့်လှစ်

၁၅။ KNU တပ်မဟာ ၁၊ တပ်မဟာမှူး ဗိုလ်မှူးချုပ် စောပလေ့ ကွယ်လွန်

၁၆။ စားဝတ်နေရေးခက်ခဲလာသည့် လူထုများကို KNU ဝင်းရေးမြို့နယ်မှ ဆန်ရိက္ခာထောက်ပံ့ပေး

၁၇။ ကြာအင်းဆိပ်ကြီးမြို့နယ်တွင် စိုက်လယ် ဧက ၂၀၀၀ နီးပါး ရေလွှမ်းခံခဲ့ရပြီး ထိခိုက်ပျက်စီးမှုများနေ

၁၈။ ကိုဗစ်ကာလ ဒုက္ခသည်စခန်းရှိကလေးများ ပညာရေးအတွက် KRCEE မှ သင်ကြားရေးနည်းလမ်း ၂ခု ရွေးချယ်ထား

၁၉။ ပလက်ဝမြို့တွင် လျှပ်စစ်မီး ပုံမှန်မပေးနိုင်သောကြောင့် ကိုဗစ်လူနာများ အောက်ဆီဂျင်ကို အလှည့်ကျဖြင့် ရှူနေရ

၂၀။ ရိက္ခာသယ်ယူသည့်လမ်းကြောင်း တင်းကြပ်မှုကြောင့် မင်းတပ်မြို့ စစ်ဘေးရှောင်ပြည်သူများ ဆေးဝါးနှင့်ရိက္ခာများ ပြတ်လပ်မည့်အခြေအနေ ကြုံနေရ

၂၁။ ကက်သလစ်ဘုန်းတော်ကြီးနှင့် သင်းအုပ်ဆရာတစ်ဦးကို CDF ပြန်လွှတ်ပေး 0

၂၂။ စစ်ကောင်စီအုပ်စု ကျောက်မဲ ပြည်သူနေအိမ်ထဲ ဝင်မွှေပြီး ပစ္စည်းများကို ဖျက်ဆီး

၂၃။ သျှမ်းပြည်မြောက်ပိုင်း သျှမ်းတပ် (၂) တပ် စစ်သားစုဆောင်းမှု အပြိုင်အဆိုင်ပြုလုပ်လာ

၂၄။ စစ်တွေမှာ ဧည့်စာရင်းတိုင်ကြားရန် ကြေညာနေ

၂၅။ စစ်ကောင်စီတပ်များ လက်နက်အပြည့်အစုံဖြင့် လာရောက်ပူးပေါင်းပါက မင်းတပ် (CDF)မှ တစ်ဦးလျှင်ဆုကြေး သိန်း၅၀ထုတ်ပေးမည်

၂၆။ ကရင်နီလက်နက်ကိုင်ပူးပေါင်းတပ်နှင့် စစ်ကောင်စီ ယနေ့တိုက်ပွဲဆက်ဖြစ်

******************************

## ၁။ ပေါင်မြို့နယ်မှ ဖမ်းဆီးခံ တက္ကသိုလ်ကျောင်းသူ ၂ ဦးကို ပုဒ်မ ၅၀၅ (က) ဖြင့် အမှုဖွင့်

**August 05, 2021**

မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ ဆင်ရွာကျေးရွာမှ တက္ကသိုလ်ကျောင်းသူ ၂ ဦးကို ရာဇသတ်ကြီးဥပဒေ ပုဒ်မ ၅၀၅ (က) နဲ့ အမှုဖွင့်ထားတယ်လို့ သိရပါတယ်။ ဩဂုတ်လ ၃ ရက်နေ့ ညနေပိုင်းက မော်လမြိုင်တက္ကသိုလ် အင်္ဂလိပ်စာ နောက်ဆုံးနှစ်ကျောင်းသူ နန်းစန္ဒာဝင်းနဲ့ ရုက္ခဗေဒ အဝေးသင်စတုတ္ထနှစ်ကျောင်းသူ နန်းဆုပိုင်ဖူးတို့ကို ဖမ်းဆီးခဲ့တာဖြစ်တယ်လို့ မော်လမြိုင်တက္ကသိုလ် သတင်းဌာန ဖော်ပြချက်အရ သိရပါတယ်။

နေအိမ်မှာ လာရောက်ဖမ်းဆီးခဲ့တာဖြစ်ပြီး ဖမ်းဆီးပြီးနောက် ဇင်းကျိုက်နယ်မြေရဲစခန်းမှာ တစ်ည ထိန်းသိမ်းထားခဲ့တာဖြစ်ပါတယ်။ ဩဂုတ် ၄ ရက်နေ့မှာတော့ ရာဇသတ်ကြီးဥပဒေ ပုဒ်မ ၅၀၅ (က) နဲ့ အမှုဖွင့်ခဲ့ပြီး ကျိုက်မရောအကျဉ်းထောင်ကို ပို့ဆောင်ခဲ့တာဖြစ်တယ်လို့ သိရပါတယ်။

ဖမ်းဆီးထားရတဲ့ ကျောင်းသူနှစ်ယောက်လုံးနဲ့ မိသားစုဝင်တွေ တွေ့ခွင့်မရသေးတာဖြစ်ပြီး ဆန္ဒပြပွဲတွေမှာ ပါဝင်ခဲ့တဲ့ဆိုတဲ့ အကြောင်းပြချက်နဲ့ လာရောက်ဖမ်းဆီးခဲ့ကြတာဖြစ်တယ်လို့ ဒေသခံတွေထံက သိရပါတယ်။ မော်လမြိုင်တက္ကသိုလ် ဆရာများသမဂ္ဂက ဖမ်းဆီးခံကျောင်းသူနှစ်ဦးကို လွှတ်ပေးရဖို့နဲ့ မတရားဖမ်းဆီးခံထားရတဲ့ ပြည်သူတွေ၊ ကျောင်းသူ၊ ကျောင်းသားတွေကို ပြန်လွှတ်ပေးဖို့တောင်းဆိုချက်ကို ဩဂုတ် ၃ ရက်နေ့က ထုတ်ပြန်ခဲ့ပါတယ်။ https://www.bnionline.net/mm/news-83419

**************************

## ၂။ မွန်ပြည်နယ်တွင် Stay at Home မြို့နယ် လေးမြို့နယ်ထိရှိလာ

August 06, 2021

မွန်ပြည်နယ်အတွင်းမှာတော့ ဩဂုတ်လအထိ Stay at Home သတ်မှတ်ထားတဲ့မြို့နယ် လေးမြို့နယ်ထိ ရှိလာပြီဖြစ်ပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနက ဩဂုတ်လ ၃ ရက်နေ့မှာ ဘီးလင်းမြို့နယ်ကို Stay at Home မြို့နယ်အဖြစ် ကြေငြာခဲ့တာဖြစ်ပြီး ဩဂုတ်လ ၄ ရက်နေ့ မနက် ၄ နာရီမှာ စတင်သက်ရောက်တာ ဖြစ်ပါတယ်။

ဘီးလင်းမြို့နယ်အတွင်း နေထိုင်သူတွေ (အစိုးရဌာနတွေမှာ တာဝန်ထမ်းဆောင်သူတွေမပါ) မိမိနေအိမ်တွက်သာ နေထိုင်ကြဖို့ ညွှန်ကြားချက် ထုတ်ထားတယ်လို့ သိရပါတယ်။ ကုမ္ပဏီဝန်ထမ်း၊ ပုဂ္ဂလိကဘဏ်နဲ့ ငွေကြေးဝန်ဆောင်မှုလုပ်ငန်း၊ ရေသန့်ဖြန့်ဖြူးရေးလုပ်ငန်း၊ ဆေးဝါးဖြန့်ဖြူးရေးလုပ်ငန်း၊ စက်ရုံ၊ အလုပ်ရုံ ဝန်ထမ်းတွေအနေနဲ့ နေအိမ်အတွင်းကသာ လုပ်ဆောင်ကြဖို့ ညွှန်ကြားထားတာပါ။

မဖြစ်မနေ ဈေးဝယ်ထွက်ပါက တစ်အိမ်တွင် တစ်ယောက်သာ သွားကြဖို့နဲ့ ဆေးရုံ၊ ဆေးခန်းသွားရပါက တစ်အိမ်မှာ နှစ်ဦးပဲ သွားလာကြဖို့ ပြောကြားထားပါတယ်။ အရေးကြီးကိစ္စနဲ့ သွားလာမည်ဆိုပါက သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးတွေကို အသိပေးပြီး ခွင့်ပြုချက်နဲ့ သွားလာရမှာဖြစ်ပါတယ်။ ညွှန်ကြားချက်မှာပါဝင်တဲ့ အချက်တွေကို လိုက်နာခြင်းမရှိဘဲ ပျက်ကွက်ခဲ့ပါက တည်ဆဲဥပဒေအရ အရေးယူဆောင်ရွက်မှာဖြစ်တယ်လို့ ဖော်ပြထားပါတယ်။

https://www.bnionline.net/mm/news-83448

******************

## ၃။ သိပ်ဇရပ်မြို့အဝင်တွင် ပရဟိတအသင်းပိုင်ယာဉ်တစ်စီး ရှော့တိုက်မိုင်းခွဲခံရ

August 09, 2021

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်၊ သိပ်ဇရပ်မြို့အဝင် ဆိုင်းဘုတ်အနီးမှာ သိပ်ဇရပ်မြို့က လိုရာဖြည့်ပရဟိတအဖွဲ့ပိုင် ယာဉ်တစ်ဦး ရှော့တိုက်မိုင်းခွဲခံရတယ်လို့ သိရပါတယ်။

ရှော့တိုက်မိုင်း တိုက်ခိုက်ခံခဲ့ရတဲ့အတွက် ကားလေကာမှန်တွေ ပျက်စီးခဲ့ပြီး ကားပေါ်မှာပါလာတဲ့ လူ ၃ ဦး ဒဏ်ရာအနည်းငယ်ရရှိခဲ့တာ ဖြစ်ပါတယ်။ တိုက်ခိုက်ခံရတာနဲ့ပတ်သတ်ပြီး မည်သည့်အကြောင်းနဲ့ တိုက်ခိုက်ခံရတယ်ဆိုတာတော့ မသိသေးဘူးလို့ ဆိုပါတယ်။

သိမ်ဇရပ်မြို့ လိုရာဖြည့်ပရဟိတအဖွဲ့ကို သိမ်ဇရပ် ဓမ္မဒူတဆရာတော် ဒေါက်တာအရှင်မာဃိန္ဒ (လိုရာဖြည့် ဆရာတော်) က ဖွဲ့စည်းတည်ထောင်ခဲ့တာဖြစ်ပါတယ်။ သိမ်ဇရပ်မြို့နယ်အတွင်းက COVID-19 နဲ့ပတ်သတ်တဲ့ ကိစ္စရပ်တွေကို ဆောင်ရွက်ပေးနေတာဖြစ်ပြီး ကိုဗစ်သေဆုံးလူနာတွေကိုလည်း သဂြိုလ်ပေးတာတွေ ဆောင်ရွက်နေတာဖြစ်ပါတယ်။

https://www.bnionline.net/mm/news-83478

**********************

## ၄။ မော်လမြိုင်မြို့နယ် ပရဟိတအသင်းများတွင် ကိုဗစ်ကာကွယ်ရေးပစ္စည်းများ လိုအပ်နေ

**August 06, 2021**

မော်လမြိုင်မြို့နယ်အတွင်းမှာ ကိုဗစ်ရောဂါနဲ့ပတ်သတ်ပြီး ကူညီဆောင်ရွက်ပေးနေတဲ့ ပရဟိတအသင်းတွေမှာ ကိုဗစ်ကာကွယ်ရေးပစ္စည်းတွေ လိုအပ်နေတယ်လို့ သိရပါတယ်။ နေ့စဉ် ကိုဗစ်လူနာတွေ သေဆုံးနေတာဖြစ်တဲ့အတွက် လူနာထည့်သယ်ဆောင်တဲ့ အိတ်၊ ကယ်ဆယ်ရေးသမားတွေအတွက် ကိုဗစ်ကာကွယ်ရေးပစ္စည်းတွေ အများကြီး သုံးစွဲနေရတယ်လို့ မော်လမြိုင် Rescue အဖွဲ့က ကိုဇင်မိုးက ဆိုပါတယ်။

ကိုဗစ်လူနာတွေကို နေ့စဉ် ကူညီပို့ဆောင်ပေးတာတွေ၊ သေဆုံးလူနာတွေကို သဂြိုလ်ပေးတာတွေရှိနေတာကြောင့် တစ်နေ့ကို PPE အစုံ ၂၀၊ ၃၀ လောက် အသုံးပြုနေတယ်လို့ သိရပါတယ်။ လူနာ သွားရောက်ခေါ်ဆောင်ရာမှာလည်း ကယ်ဆယ်ရေးသမား ၃ ယောက်မှ ၄ ယောက်ထိ သွားလာရတာဖြစ်ပြီး မီးသဂြိုလ်ရာတွင်လည်း နှစ်ယောက်မှ သုံးယောက်ထိ ဆောင်ရွက်နေကြရတာဖြစ်ပါတယ်။

ပြည်သူတွေဘက်ကလည်း ကိုဗစ်ကာကွယ်ပစ္စည်းတွေကို ဝိုင်းဝန်းလှူဒါန်းပေးကြတာတော့ရှိတယ်လို့ ဆိုပါတယ်။ မွန်ပြည်နယ်အတွင်းမှာတော့ ဩဂုတ်လ ၃ ရက်ထိ ကိုဗစ်ကြောင့် သေဆုံးသူ ၅၆၀ ကျော် ရှိနေတာဖြစ်ပြီး ကိုဗစ်အတည်ပြုလူနာကတော့ ၂၀၀၀ ကျော်ထိ ရှိနေတာဖြစ်ပါတယ်။ https://www.bnionline.net/mm/news-83447

**********************

## ၅။ ဘူးဂါးလျှပ်စစ်ဝန်ထမ်း ၆ ဦးကို စစ်ကောင်စီတပ် ဖမ်းဆီးခေါ်ဆောင်ပြီး ရဲစခန်းတွင် ထိန်းသိမ်းထား

10th August 2021

ဝိုင်းမော်မြို့ ဘူဂါးလျှပ်စစ်ရုံအတွင်းရှိ ဝန်ထမ်း ၆ ဦးကို အာဏာသိမ်းစစ်ကောင်စီတပ်များက ဩဂုတ် ၉ ရက်ည ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရသည်။ ယမန်နေ့ည ၁၁ နာရီခွဲဝန်းကျင်ခန့်တွင် ရဲ ၂ဦး အပါအဝင် ခလရ ၅၈ တပ်ရင်းမှ စစ်သား ၁၀ ယောက်ကျော်သည် ဘူးဂါလျှပ်စစ် စက်ဝင်းအတွင်းလာရောက်စစ်ဆေးမှုပြုလုပ်ကာ ဝန်ထမ်းအမျိုးသား ၆ဦးကို ဖမ်းဆီးသွားသည်ဟု လျှပ်စစ်ဝန်ထမ်းတစ်ဦး ထံမှသိရသည်။

ဖမ်းဆီးခေါ်ဆောင်ခံရသည့် လျှပ်စစ်ဝန်ထမ်း ၆ ဦးကို လက်ရှိတွင် ဝိုင်းမော် မြို့နယ်ရဲစခန်းတွင် ထိန်းသိမ်းထားပြီး ဖမ်းဆီးသွားသည့် အကြောင်းအရင်းကို သေချာမသိရသေးကြောင်း သူကဆက်ဆိုသည်။ ဝိုင်းမော်ဘူးဂါလျှပ်စစ်ရုံးဝင်းအတွင်း စစ်တပ်က လာရောက်ဖမ်းချိန်တွင် လျှပ်စစ်ဝန်းထမ်း ၁၃ ဦးခန့်ရှိနေသည့်အနက် ၆ဦး ကို ဖမ်းဆီးသွား ကြောင်းသိရသည်။

ဝိုင်းမော်မြို့အခြေစိုက် ခလရ ၅၈ တပ်ရင်းသည် တိုက်ပွဲဖြစ်ပွားခြင်းမရှိသော်လည် ညစဉ် လက်နက်ကြီးများ ရမ်းသမ်းပစ်ခတ်နေသောကြောင့် ကျေးရွာအချို့မှ ပြည်သူများသည် ဝိုင်းမော်မြို့သို့ တိမ်းရှောင်နေရကြောင်း သိရသည်။

https://burmese.kachinnews.com/2021/08/10/aug-10-y1/

*************************

## ၆။ စစ်ကောင်စီက လက်နက်ကြီးပစ်ခတ်မည့်သတင်းကြောင့် နွမ်းလန့်ဒေသခံများ တောင်ယာမသွားရဲဖြစ်နေ

**9th August 2021**

မိုးမောက်မြို့နယ် ဒေါ့ဖုန်းယန်နှင့် နွမ်းလန့်ကျေးရွာတို့တွင် အခြေစိုက်သော အာဏာသိမ်းစစ်တပ်အဖွဲ့က လက်နက်ကြီးများ ပစ်ခတ်မည်ဖြစ်သောကြောင့် ဒေသခံပြည်သူများကို ရွာအပြင်မထွက်ကြရန် ပြောဆိုမှုများရှိကြောင်း ဒေသခံ များထံမှသိရသည်။ တောင်ယာလုပ်ငန်းအဓိကလုပ်ကိုင်သောဒေသခံများအနေဖြင့် အဆိုပါသတင်းကြောင့် တောင်ယာမသွားဘဲ နေအိမ်အတွင်းသာ နေသည်မှာ ၃ ရက်ခန့်ရှိပြီဟု ပြောဆိုသည်။

ပြီးခဲ့သော ဧပြီလ နွမ်လန့်၊ မြို့သစ်၊ ကုန်းလော စသည့်ကျေးရွာများတွင် အာဏာသိမ်းစစ်တပ်နှင့် ကချင်လွတ်လပ်ရေး တပ်မတော် KIA တို့ကြား တိုက်ပွဲပြင်းထန်စွာ ဖြစ်ပွားခဲ့သောကြောင့် ဒေသခံပြည်သူများမှာ မိုးမောက်မြို့သို့ တိမ်းရှောင်ခဲ့ခြင်းဖြစ်သည်။ ထို့နောက် စစ်ရှောင်စခန်းများတွင်လည်း Covid-19 ကြောင့် နေထိုင်မှုနှင့် စားသောက်မှုခက်ခဲလာသဖြင့် စစ်ရှောင်တချို့ နေရပ်ပြန်ကာ တောင်ယာလုပ်ငန်းများ ပြန်လည်လုပ်ကိုင်နေခြင်းဖြစ်ကြောင်း သိရပါသည်။

ဝိုင်းမော်မြို့နယ် နယ်မြေခံ ခလရ ၅၈ တပ်ရင်းမှာ တိုက်ပွဲဖြစ်ပွားခြင်းမရှိသော်လည်း ညစဉ် လက်နက်ကြီးများ ရမ်းသမ်း ပစ်ခတ်နေသောကြောင့် ပြည်သူများ၏ နေအိမ်များ ပျက်စီးမှု ရှိခဲ့သည်။

https://burmese.kachinnews.com/2021/08/09/aug-9-y1/

********************

**၇။ စစ်ကောင်စီတပ် ထောင်ထားသည့် မိုင်းနင်းမိသဖြင့် ဆယ်ကျော်သက် လူငယ်တစ်ဦးသေဆုံး**

**8th August 2021**

ဗန်းမော်ခရိုင် မံစီမြို့နယ် နမ့်မဖွဲ့အုပ်စု မိတုန်ကျေးရွာ (Myi Tung Mare) တွင် အာဏာသိမ်းစစ်တပ်က ထောင်ထားသည့် မိုင်းနင်းမိသဖြင့် ဆယ်ကျော်သက် လူငယ်တစ်ဦးက အသက်ဆုံးရှုံးသွားကြောင်း သတင်းရရှိပါသည်။ လယ်တောထဲ နွားကျောင်း နေရင်း မိုင်းနင်းမိ ပေါက်ကွဲခံလိုက်ရသည့် လူငယ်ကို ဗန်းမော်ဘက်သို့ပို့ဆောင်ခဲ့ရာ ညနေပိုင်း ၆ နာရီဝန်းကျင်ခန့်တွင် သေဆုံး သွားကြောင်းသူက ဆက်ဆိုသည်။

အခင်းဖြစ်ပွားခဲ့သည့်နေရာသည် အာဏာသိမ်းစစ်တပ် ခမရ ၃၁၉ နှင့် ခမရ ၆၀၁ တပ်ရင်း ၂ခုကြားတွင် ဖြစ်ကြောင်း သိရသည်။ ထိုသို့ စစ်တပ်အနီး မိုင်းနင်းမိသေဆုံးခဲ့သော လူငယ်အမှုနှင့်ပတ်သက်ပြီး အာဏာသိမ်းစစ်တပ်ဘက်မှ တစ်စုံတစ်ရာ တာဝန်ယူမှု မရှိကြောင်း မိသားစုထံမှ သိရသည်။

ယခင်တုန်းကလည်း ဒေသခံပြည်သူများလုပ်ကိုင်စားသောက်နေသည့် လယ်တောအနီးတဝိုက် မိုင်းထောင်ထားမှုကြောင့် ကျွဲနွား များ မကြာခဏ သေဆုံးမှုများ ကြုံတွေ့ရကြောင်းသိရသည်။ သေဆုံးသွားသည့်သူ အသက် ၁၆ နှစ်အရွယ်ရှိ မဂျီနော်ဆန့်ခေါ်သူ လူငယ်တစ်ဦးဖြစ်ပြီး မိတုန်ကျေးရွာတွင်နေသည့် ဦးမဂျီဘောက်နော်၏ သားဖြစ်ပါသည်။

https://burmese.kachinnews.com/2021/08/08/aug-7-y1/

******************

**၈။ စစ်ကောင်စီနှင့် ကိုးကန့်တပ် တိုက်ပွဲကြား ဒေသခံ ၄၀၀ ခန့် နယ်စပ်တွင် ထွက်ပြေးနေရ**

5th August 2021

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့နယ် ပန်ဆိုင်း တရုတ်နယ်စပ်တွင် ကိုးကန့် MNDAA နှင့် စစ်ကောင်စီတပ်တိုက်ပွဲများကြောင့် ဩဂုတ် ၃ ရက်နေ့ကစပြီး ဒေသခံပြည်သူ ၄၀၀ ဝန်းကျင် ထွက်ပြေးတိမ်းရှောင်နေရကြောင်း သိရသည်။ မန့်ယန် နှင့် ဘန်မွေးကျေးရွာ နှစ်ရွာမှ ဒေသခံ အိမ်ခြေ ၄၃ ခု၊ လူဦးရေ စုစုပေါင်း ၁၇၃ ယောက်သည် လက်ရှိတွင် မြန်မာ-တရုတ်နယ်စပ် နယ်ခြားမှတ်တိုင် ၁၀၂ အနီး ဘန်ဝါ၊ လတ်ဒဲန် (Bang Wa, Lak Den) တွင် ယာယီတဲများဆောက်ကာ သွားရောက်ခိုလှုံ နေရကြောင်း သိရသည်။

ထို့အပြင် လရှပ်ကျေးရွာမှ ပြည်သူများသည်လည်း ကျေးရွာမှထွက်ပြေးကာ မိမိတို့၏ လယ်ယာတောများတွင် သွားရောက်ခိုလှုံ နေကြရကြောင်း သိရသည်။ ဩဂုတ်လ ၃ ရက်ည ၁၀၅ မိုင်ဘက်မှ မုန်းကိုးဘက်သို့ တက်လာသော စစ်ကောင်စီ စစ်ကြောင်းကို ပန်ဆိုင်းမြို့နယ် ကောင်စထီးနှင့် ဖိုင်ကောင်းကြားတွင် MNDAA တပ်ဖွဲ့က မိုင်းခွဲတိုက်ခိုက်ခဲ့သောကြောင့် စစ်ကောင်စီဘက်မှ ပြည်သူများရှိရာကျေးရွာများဘက်သို့ လက်နက်ကြီးများဖြင့် ပစ်ခတ်ခဲ့သဖြင့် ဖိုင်ကောင်းနှင့် ကောင်စထီး ပြည်သူများလည်း ထပ်မံ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။

ထို့ကြောင့် လက်ရှိတွင် ဖိုင်ကောင်း၊ ကောင်းစထီး၊ ခလွမ်၊ ပေါင်ရာ ကျေးရွာမှ ဒေသခံပြည်သူ ၁၈၀ ခန့်သည် မြန်မာ-တရုတ်နယ်စပ် ဝမ်ဒင့်ချောင်းအနီးတွင် ထွက်ပြေးခိုလှုံနေကြရသည်။ ယခုလက်ရှိ ထွက်ပြေးတိမ်းရှောင်နေသော ဒေသခံများအတွက် ကူညီထောက်ပံ့မည့်သူများ မရှိသေးကြောင်း စစ်ရှောင်များက KNG ကို ပြောပါသည်။ ရှမ်းမြောက် မူဆယ်ခရိုင်အတွင်း ပန်ဆိုင်းမုံးကိုး တစ်လျှောက်တွင် ယခင်ကတည်းက စစ်ကောင်စီတပ်နှင့် ကိုးကန့် MNDAA တို့ကြား ပုံမှန် ဖြစ်ပွားနေကြောင်းသိရသည်။

https://burmese.kachinnews.com/2021/08/05/aug-5-z1/

******************

## ၉။ ဗန်းမော်မြို့နဲ့ရွှေကူမြို့ကို လော့ဒေါင်း ၂ ပတ်ထပ်တိုး ချမှတ်ရန် ကြေညာ

**8th August 2021**

ကချင်ပြည်နယ် ဗန်းမော်မြို့နယ်နဲ့ ရွှေကူမြို့နယ်တွင် ဩဂုတ်လ (၁၀)ရက်နေ့မှ (၂၄)ရက်နေ့ထိ လော့ဒေါင်း ထပ်မံချမှတ်သွားမည်ဖြစ်သည့်အတွက် ပြည်သူများလိုအပ်သည်များကြိုတင်ပြင်ဆင်ထားရန် ယနေ့မြို့အတွင်းရှိ ရပ်ကွက်များတွင် အော်လံဖြင့် လိုက်လံဆော်ဩနေကြောင်း ပြည်သူများထံမှ သိရသည်။

ကချင်ပြည်နယ်တစ်ပြည်လုံး ဩဂုတ်လ (၁၀)ရက်နေ့မှ (၂၄)ရက်နေ့ထိ မြို့နယ်အသီးသီးတွက် ကိုဗစ်-၁၉ ရောဂါပြန့်ပွားမှုထိန်းချုပ်နိုင်ရန် လော့ဒေါင်း (၂)ပတ် ချမှတ်မည်ဆိုသည့် အမိန့်စာတစ်စောင် လူမှုကွန်ယက်စာမျက်နှာတွင် ပြန့်နှံ့လျှက်ရှိနေပြီး အချို့မြို့နယ်များတွင် ယင်းအမိန်းစာအတိုင်း လိုက်လံဆော်ဩမှုများရှိနေကြောင်း သိရသည်။ ယင်းအမိန့်စာနဲ့ပတ်သက်ပြီး ပြည်နယ်မှအမှန်တစ်ကယ် ထုတ်ပြန်ခြင်း ဟုတ်/မဟုတ် အတည်ပြုနိုင်ရန်အတွက် ပြည်နယ် ကိုဗစ်-၁၉ထိန်းချုပ်ရေးနှင့် အရေးပေါ်ကော်မတီထံ ဆက်သွယ်မေးမြန်းရာတွင် ၎င်းတို့၌ ဖြေကြားပိုင်ခွင့်မရှိကြောင်း ပြောဆိုခဲ့သည်။

ဒါ့အပြင် မြစ်ကြီးနားမြို့နယ်တွင်လည်း ယင်းကိစ္စနဲ့ပတ်သက်ပြီး မေးမြန်းရာတွင် တိတိကျကျဖြေကြားပေးခြင်းမရှိဘဲ ဩဂုတ်လ ၈ရက်၊ ၉ရက်မှစကာ Stay at Home စည်းကမ်းချက်များ ပြည်သူများအား အသိပေးနိုးဆော်မှုများ ပြုလုပ်ကာ ကြပ်မတ်သွားမည်ဖြစ်ကြောင်းသာ ဖြေကြားခဲ့သည်။ ကချင်ပြည်နယ်တစ်ပြည်နယ်လုံးတွင် မြို့နယ် ၁၈မြို့နယ်ရှိသည့်အနက် (၅)မြို့နယ်သည် Stay at Home မြို့နယ်တွင် ပါဝင်ကြောင်း စစ်ကောင်စီ၏ ကျန်းမာရေးနဲ့အားကစားဝန်ကြီးဌာနက ကြေညာထားသည်။
https://burmese.kachinnews.com/2021/08/08/aug-7-z1/

**********************

## ၁၀။ တိုက်ပွဲကြောင့် ဖယ်ခုံမြို့နဲ့ ဖရူဆိုမြို့ထဲက ကျေးရွာလေးရွာ စစ်ဘေးရှောင်နေရ

August 9, 2021

ယခုရက်ပိုင်းအတွင်း ကရင်နီတပ်မတော် KA ၊ ကရင်နီအမျိုးသားကာကွယ်ရေးတပ် KNDF နဲ့ အကြမ်းဖက်စစ်ကောင်စီတပ်တို့ရဲ့ အခြေအနေ တင်းမာပြီး တိုက်ပွဲကြောင့် ဖယ်ခုံမြို့နယ် – ဖရူဆိုမြို့နယ် နယ်စပ်မှ ဘီသူကျေးရွာအပါအဝင် ဖရူဆိုအနောက်ခြမ်းမှ ကျေးရွာသုံးရွာက စစ်ဘေးရှောင်နေရတယ်လို့ ၎င်းဒေသမှ စစ်ဘေးရှောင်တွေကို ကူညီဆောင်ရွက်ပေးနေတဲ့ တာဝန်ရှိသူ အမျိုးသားတစ်ဦးက ပြောပါတယ်။

ဩဂုတ်လ ၁ ရက်နေ့မှ ၉ ရက်နေ့အတွင်း တိုက်ပွဲ သုံးကြိမ် ဖြစ်ပွားခဲ့ပြီး ၈ ရက်နေ့ တစ်ရက်တည်းမှာ နှစ်ကြိမ် ဖြစ်ပွားခဲ့တယ်လို့ သိရပါတယ်။ အခြေအနေ မငြိမ်သက်မချင်း ပြည်သူတွေက ဘေးလွတ်ရာမှာသာ နေထိုင်ရမှာ ဖြစ်တဲ့အတွက် စားနပ်ရိက္ခာ၊ ဆေးဝါးတွေက အမြဲလိုအပ်နေတယ်လို့ သိရပါတယ်။ ကရင်နီပြည်နယ်မှာ ကိုဗစ် – ၁၉ ကူးစက်မှုနှုန်းက မြင့်တက်လာတာ ဖြစ်တဲ့အတွက် စစ်ဘေးရှောင်တွေဆီကို ရိက္ခာတွေ အချိန်မရွေး အရောက်ပေးပို့နိုင်ဖို့ အခက်အခဲရှိတယ်လို့ စစ်ဘေးရှောင်တွေကို ကူညီဆောင်ရွက်ပေးနေတဲ့ ကရင်နီအမျိုးသား ကာကွယ်ရေးတပ်မှ တာဝန်ရှိသူ အမျိုးသားတစ်ဦးက ပြောပါတယ်။

ကရင်နီပြည်နယ်အတွင်း အကြမ်းဖက်စစ်ကောင်စီတပ်မှ ထိုးစစ်ဆင်မှုတွေ ပိုမိုလှုပ်ရှားလာတဲ့အတွက် နေ့ည မရွေး တိုက်ပွဲ ဖြစ်ပွားလာနိုင်တာကြောင့် မိဘပြည်သူများအနေနဲ့ ရိက္ခာ၊ ဆေးဝါးတွေ ကြိုတင်စုဆောင်းထားဖို့လည်း ကရင်နီအမျိုးသား ကာကွယ်ရေးတပ် KNDF က အသိပေး ကြေညာထားပါတယ်။ https://www.kantarawaddytimes.org/?p=13643

*******************

## ၁၁။ ကရင်နီအမျိုးသားခုခံတော်လှန်ရေးနေ့အခမ်းအနား ကိုဗစ်ကြောင့် မကျင်းပနိုင်

August 9, 2021

ဩဂုတ်လ ၉ ရက်နေ့မှာ ကျရောက်တဲ့ (၇၃)နှစ်မြောက် ကရင်နီအမျိုးသားခုခံတော်လှန်ရေးနေ့ အခမ်းအနားကို ကိုဗစ် – ၁၉ ရောဂါကြောင့် လူစုလူဝေး ပြုလုပ်ဖို့ အခက်အခဲဖြစ်နေတာကြောင့် မကျင်းပနိုင်ခဲ့ဘူးလို့ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ KNPP မှ အခမ်းအနား ဖြစ်မြောက်ရေးကော်မတီ အဖွဲ့ခေါင်းဆောင် ခူးတော်ရယ် က ပြောပါတယ်။

သီးခြားလွတ်လပ်တဲ့ကရင်နီပြည်နယ်ကို ကျူးကျော်လာတဲ့ စစ်အာဏာရှင်တွေကို ကရင်နီအမျိုးသားများက ရရာလက်နက်စွဲကိုင်ပြီး ကရင်နီပြည်ရဲ့ အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို ပြန်လည်ရရှိဖို့အတွက် တိုက်ပွဲဆင်နွှဲခုခံတော်လှန်ခဲ့တဲ့ (၇၃) နှစ်မြောက်နေ့ပဲ ဖြစ်ပါတယ်။ ကိုယ်ကျိုးစွန့် အမျိုးသားရေးအတွက် အသက်ပေးဆပ်သွားကြရတဲ့ ခုခံတော်လှန်ရေးအဖွဲ့ဝင်တွေ၊ မိဘပြည်သူတွေကို အမြဲတမ်းအသိအမှတ်ပြု သတိရနေဖို့လိုအပ်ပြီး အမျိုးသားရေးဆိုတာ အမျိုးသားလို့ ခံယူထားတဲ့ လူတိုင်းနဲ့ သက်ဆိုင်ကြောင်း (၇၃)နှစ်မြောက် ကရင်နီအမျိုးသား ခုခံတော်လှန်ရေးနေ့အခမ်းအနားကို ပေးပို့တဲ့ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ၊ ပါတီဗဟိုဌာနချုပ်ရဲ့သဝဏ်လွှာမှာ ထည့်သွင်းဖော်ပြထားပါတယ်။

ဒါ့ကြောင့် ကရင်နီအမျိုးသားတွေရဲ့ ဘဝကံကြမ္မာဟာ တစ်မျိုးသားလုံးရဲ့တာဝန်ဖြစ်တယ်ဆိုတာ လေးလေးနက်နက်ခံယူထားဖို့ လိုအပ်သလို အမျိုးသားခေါင်းဆောင်ကြီးတွေ ပေးအပ်ခဲ့တဲ့ ပုခုံးပြောင်းတာဝန်တွေကို ကိုယ်စီ ဆက်လက်ထမ်းဆောင်ရင်း တရားသောစစ်ကို အောင်မြင်စွာ ဆင်နွှဲနိုင်ကြစေကြောင်းလည်း ပါရှိပါတယ်။

https://www.kantarawaddytimes.org/?p=13638

*********************

**၁၂။ စားနပ်ရိက္ခာ၊ ဆေးဝါးများ ကြိုတင်စုဆောင်းထားရန် KNDF သတိပေး**

August 9, 2021

ကရင်နီပြည်နယ်အတွင်းမှာ အကြမ်းဖက်စစ်ကောင်စီတပ်များ ပိုမိုလှုပ်ရှားမှု များပြားလာတဲ့အတွက် စစ်ရေးများ ပိုမိုတင်းမာလာနိုင်တာကြောင့် စားနပ်ရိက္ခာ၊ ဆေးဝါးနဲ့ အခြားလိုအပ်တဲ့ အခြေခံ အသုံးအဆောင်ပစ္စည်းများကို ကြိုတင်စုဆောင်းထားဖို့ ကရင်နီအမျိုးသားကာကွယ်ရေးတပ် KNDF က သတိပေးလိုက်ပါတယ်။

လူသားတစ်ဦးအတွက် အခြေခံ လိုအပ်မဲ့ ဆေးဝါးကို အဓိက ပြင်ဆင်ရမှာဖြစ်ပြီး ဒုတိယတချက် အနေနဲ့ မိုးရာသီမှာ မိုးလုံအောင်နေနိုင်ဖို့အတွက် အိမ်ထောင်စုတစ်စုကို အနည်းဆုံး မိုးကာ သုံးချပ် ဝယ်ယူထားသင့်တယ်လို့ ဆိုပါတယ်။ တောထဲမှာ နေထိုင်ရတဲ့အခါ သောက်သုံးရေတွေကို မိုးကာနဲ့သာ ခံပြီး စုဆောင်းထားရတဲ့အတွက် မိုးကာကို လုံလောက်စွာ ကြိုတင်ပြင်ဆင်ဖို့ လိုအပ်တယ်လို့ ထပ်မံ အသိပေးထားပါတယ်။ ဒါ့အပြင် ဆန်တွေကိုလည်း ကျေးရွာတိုင်းက အဆင်သင့် ပြင်ဆင်ထားဖို့ လိုအပ်သလို အမျိုးသမီးအသုံးအဆောင် ပစ္စည်းများ၊ ကလေးငယ်တွေအတွက် လိုအပ်တဲ့ အသုံးအဆောင်များ၊ ရိက္ခာခြောက် ( အလွယ်တကူသယ်လို့ရမယ့် ပစ္စည်း)၊ ကြာရှည်ခံနိုင်မဲ့ ပစ္စည်း စတာတွေကို အဆင်သင့် ပြင်ဆင်ထားဖို့လည်း အသိပေးထားပါတယ်။

ယမန်နေ့ ဩဂုတ်လ ၈ ရက်နေ့မှာ ဖရူဆိုမြို့နယ်အနောက်ဖက်ခြမ်းမှာ အကြမ်းဖက်စစ်ကောင်စီ တပ်များနဲ့ ကရင်နီ တပ်မတော် (KA) ၊ ကရင်နီအမျိုးသားကာကွယ်ရေးတပ် KNDF ပူးပေါင်း တပ်ဖွဲ့များကြား တိုက်ပွဲ ဖြစ်ပွားခဲ့ပြီး အကြမ်းဖက်စစ်ကောင်စီတပ်မှ ဆယ်ဦးထက်မနည်း သေဆုံးပြီး ထိခိုက်ဒဏ်ရာ ရရှိသူများလည်း ရှိတယ်လို့ KNDF က ထုတ်ပြန်ထားပါတယ်။

https://www.kantarawaddytimes.org/?p=13635

************************

**၁၃။ လွိုင်ကော်မြို့နယ်အတွင်းက စစ်ရှောင်စခန်းတနေရာမှာ ကိုဗစ်လူနာ ၂၂ ဦးထိရှိလာ**

August 8, 2021

ကရင်နီပြည်နယ် လွိုင်ကော်အရှေ့မြောက်ဘက် စစ်ရှောင်စခန်းမှာ ကိုဗစ်ပိုးတွေ့ရှိသူ ၂၂ ဦးထိရှိပြီလို စစ်ဘေးရှောင်တွေကို ကူညီပေးနေသူတစ်ဦးက ပြောပါတယ်။ စစ်ရှောင်စခန်းက ကိုဗစ်လူနာတွေအတွက် ဆေးဝါးနဲ့ အောက်ဆီဂျင်လိုအပ်နေတယ်လို့ သူက ဆက်ပြောပါတယ်။

အဲ့ဒီစစ်ရှောင်စခန်းမှာ လူဦးရေ နှစ်ထောင်ကျော်ရှိပြီး ကိုဗစ်လူနာတွေကို သီးသန့်ထားပြီး ဆေးကုသပေးနေတယ်လို့ သိရပါတယ်။ စစ်ရှောင်စခန်းမှာရှိတဲ့ ဖျားနာသူတွေကို RDT Test Kit စစ်ဆေးကြည့်တဲ့အခါမှာ positive တွေ့တာဖြစ်ပြီး ပိုးတွေ့သူတွေဟာ လူငယ်ပိုင်းတွေပဲ ဖြစ်တယ်လို့ သိရပါတယ်။

ပြင်ပက ပြန်လာသူတွေဆီကနေ ပိုးစတင်တွေ့ရှိတာဖြစ်ပြီး လက်ရှိမှာတော့ စခန်းကို Lock down ချထားတယ်လို့ သိရပါတယ်။ ကရင်နီပြည်နယ်မှာ ဩဂုတ်လ ၅ ရက်နေ့အထိ ကိုဗစ်အတည်ပြုလူနာ ၇၈၁ ဦး သေဆုံးသူ ၃၄ ဦး အထိ ရှိလာပြီ ဖြစ်ပါတယ်။

https://www.kantarawaddytimes.org/?p=13632

## ၁၄။ နယ်စပ်က စစ်ဘေးရှောင်စခန်းတခုမှာ စာသင်ကျောင်း စတင်ဖွင့်လှစ်

**August 8, 2021**

စစ်ဘေးရှောင်ပြည်သူတွေ လာရောက်ခိုလှုံကြတဲ့ KNPP ထိန်းချုပ်နယ်မြေတစ်နေရာမှာ အခြေခံပညာရေးကျောင်း စတင်ဖွင့်လှစ်ထားပြီး အခက်အခဲတွေရှိ နေတယ်လို့ သိရပါတယ်။ အဆိုပါနေရာက တပ်မတော်က အာဏာသိမ်းပြီးနောက် ကယား (ကရင်နီ)ပြည်နယ်ထဲ တိုက်ပွဲတွေ ဖြစ်ပွားပြီး ထွက်ပြေးတိမ်းရှောင်လာကြသူတွေ ဖြစ်ပါတယ်။

ကလေးတွေအတွက် ဩဂုတ်လမှာ စာသင်ကျောင်းစတင်ဖွင့်လှစ်ပေးနေပြီး ကျောင်းသုံး သင်ထောက်ကူပစ္စည်းတွေ ၊ကျောင်းဆောင်တွေ အဓိကလိုအပ်နေတဲ့အပြင် ကျောင်းဆရာ၊ ဆရာမတွေလည်း လိုအပ်နေသေးတယ်လို့ တာဝန်ရှိသူ တစ်ဦးက ပြောပါတယ်။ ကျောင်းဆောင် လေးဆောင်ဆောက်လုပ်ထားပြီး ဖြစ်ပေမယ့် လိုအပ်နေသေးပြီး ယာယီအဆောင်နဲ့ စာသင်နေရသေးတာလည်း ရှိနေတာ ဖြစ်ပါတယ်။ သူငယ်တန်းကနေ ဒသမတန်းအထိ ဖွင့်လှစ်ထားတယ်လို့လည်း သိရပါတယ်။

CDMပြုလုပ်တဲ့ ကျောင်း ဆရာ၊ဆရာမတွေ ကလည်း စာသင်ကြားမှုမှာ ပါဝင်သင်ကြားပေးနေတာဖြစ်ပြီး သင်ကြားမှုပိုင်းတွေမှာ ကွာခြားတာတွေရှိပေမယ့် တတ်နိုင်တဲ့ဖက်ကနေ သင်ကြားပေးသွားမှာဖြစ် တယ်လို့ CDMဆရာမ တစ်ဦးက ပြောပါတယ်။ ဇူလိုင်လကုန်အထိ ကျောင်းလာအပ်တဲ့ ကျောင်းသားဦးရေ ၂၆၅ ဦးရှိပါတယ်။ ဩဂုတ်လအတွင်းမှာတော့ ကျောင်းထပ်မံလာရောက်အပ်နှံသူလည်း ရှိနေတယ်လို့ သိရပါတယ်။ အဆိုပါ စစ်ရှောင်စခန်းမှာ ဒုက္ခသည် တစ်ထောင်ကျော် လာရောက်ခိုလှုံနေကြတာ ဖြစ်ပါတယ်။ https://www.kantarawaddytimes.org/?p=13628

*********************

## ၁၅။ KNU တပ်မဟာ ၁ ၊ တပ်မဟာမှူး ဗိုလ်မှူးချုပ် စောပလေ့ ကွယ်လွန်

August 10, 2021

ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး တပ်မဟာ ၁ တပ်မဟာမှူး ဗိုလ်မှူးချုပ် စောပလေ့ (၅၆)နှစ်သည် ယနေ့(ဩဂုတ် ၁၀ရက်) နံနက် ၄နာရီကျော်တွင် ကွယ်လွန်သွားသည်ဟု သိရှိရသည်။

သထုံခရိုင်၊ သထုံမြို့နယ် မရမ်းကုန်းကျေးရွာတွင် ကွယ်လွန်သွားခဲ့ခြင်းဖြစ်ပြီး လက်ရှိတွင် သူ၏ ရုပ်အလောင်းကို သူနေထိုင်ရာ သာဟောထီးနေရာသို့ သယ်ဆောင်လာသည်ဟု သထုံခရိုင်၊ ဖားအံမြို့နယ် ဥက္ကဋ္ဌ စောစန္ဒာသိန်းက ကေအိုင်စီသို့ အတည်ပြုပြောသည်။ ဗိုလ်မှူးချုပ် စောပလေ့သည် လက်ရှိ ကရင်အမျိုးသား လွတ်မြောက်ရေး တပ်မတော် (ကေအဲန်အယ်လ်အေ) ဒုစစ်ဦးစီးချုပ် ဒုဗိုလ်ချုပ်ကြီး စောဘောကျော်ဟဲနှင့် ကွန်မန်ဒိုတပ်ဖွဲ့သင်တန်း အပတ်စဉ်တူ တက်ရောက်ခဲ့သူဖြစ်ပြီး သူသည် တပ်မဟာ ၁ တွင် တပ်ရင်း ၂၏ တပ်ရင်းမှူး၊ ဗျူဟာမှူး တာဝန်များကို တာဝန်ယူပြီးနောက် တပ်မဟာမှူး တာဝန်ကို ထမ်းဆောင်နေရင်း ယခုလို ကွယ်လွန်သွားခဲ့ခြင်းဖြစ်သည်။

သူ၏ ဈာပနအခမ်းအနားကို နံနက်ဖြန် ဩဂုတ်လ ၁၁ရက်နေ့တွင် ပြုလုပ်သွားရန် လျာထားသည်ဟု တပ်မဟာ (၁) တာဝန်ရှိသူများက ပြောသည်။ http://kicnews.org/2021/08/

********************

## ၁၆။ စားဝတ်နေရေးခက်ခဲလာသည့် လူထုများကို KNU ဝင်းရေးမြို့နယ်မှ ဆန်ရိက္ခာထောက်ပံ့ပေး

August 8, 2021

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ်တွင် ရေကြီးနစ်မြုပ်မှုနှင့် ရောဂါကပ်ဘေးများကြောင့် စားဝတ်နေရေးခက်ခဲလာသည့် လူထုများကို KNU-ကရင် အမျိုးသားအစည်းအရုံး ဒူးပလာယာခရိုင်၊ ဝင်းရေးမြို့နယ် တာဝန်ရှိသူများက ဩဂုတ်လ ၇ ရက်နေ့တွင် ဆန်နှင့် အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးလျက်ရှိသည်ဟု တာဝန်ရှိသူများထံမှ သိရသည်။

ဝင်းမြို့နယ်အနေဖြင့် မြိုင်သာယာကျေးရွာတွင် ဆန်နှင့်အခြေခံစားသောက်ကုန်များ ကား ၂ စီးစာ သွားရောက်ထောက်ပံ့ကြပြီး ပြည်ပရောက် မြို့နယ် KYO လူငယ်အဖွဲ့အနေဖြင့်လည်း ကျပ်သိန်း ၃၀၀ နီးပါးရှိ အခြေခံစားသောက်ကုန်များကို စစ်ဘေးရှောင်နေရသည့်နေရာများနှင့် အခြေခံလူထုများထံတွင် ထောက်ပံ့ကူညီခဲ့သည်ဟု KNU ဝင်းရေးမြို့နယ် တာဝန်ရှိသူများထံမှ သိရသည်။

ကြာအင်းဆိပ်ကြီးမြို့နယ်တွင် ရေကြီးနစ်မြုပ်မှုကြောင့် လယ်စိုက်ကေများ ထိခိုက်ပျက်စီးကြပြီး ရောဂါဘေးကြောင့် အလုပ်အကိုင်နှင့် သွားလာမှုကန့်သတ်ထားသည့်အတွက် အခြေခံလူထုအများစု မှာ စားဝတ်နေရေး ခက်ခဲလာကြသည်ဟု ကျေးရွာတာဝန်ရှိများထံမှ သိရသည်။ http://kicnews.org/

******************

## ၁၇။ ကြာအင်းဆိပ်ကြီးမြို့နယ်တွင် စိုက်လယ် ဧက ၂၀၀၀ နီးပါး ရေလွှမ်းခံခဲ့ရပြီး ထိခိုက်ပျက်စီးမှုများနေ

August 8, 2021

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ်တွင် ဇူလိုင် ၂၀ ရက်နောက်ပိုင်း မိုးအဆက်မပြတ်ရွာသွန်းပြီး တောင်ကျရေနှင့် မြစ်၊ ချောင်းရေလျှံမှုကြောင့် လယ်စိုက်ကေအများစု ရေလွှမ်းနစ်မြုပ်ခံရပြီး ထိခိုက်ပျက်စီးမှုများလည်းရှိသည်ဟု တောင်သူများထံမှ သိရသည်။

တောင်ယာ၊ ကျွဲခင်းနှင့် စိုက်ပြီး လယ်ဧက ၃၀,၀၀၀ ဝန်းကျင်မှာ ဧက ၂၀၀၀ နီးပါး ရေလွှမ်းနစ်မြုပ်ခံခဲ့ရပြီး အပင်များ ထိခိုက်ပျက်စီးသည့်အတွက် ပြန်လည်စိုက်ပျိုးနိုင်ရန် မျိုးစေ့အခက်အခဲလည်း ရှိနေသည်ဟု တောင်သူများက ကေအိုင်စီ သို့ပြောသည်။ ရေလွှမ်းခြင်းကြောင့် ထိခိုက်ပျက်စီးခဲ့သည့် စိုက်ကေများကို စာရင်းပြုစုကာ သက်ဆိုင်ရာထံ တင်ပြပြီး လိုအပ်မည့် ထောက်ပံ့မှုများလည်း ကူညီဆောင်ရွက်ပေးနိုင်အောင် စီစဉ်ဆောင်ရွက်နေလျက်ရှိသည်ဟု စိုက်ပျိုးရေးဌာနများထံမှ သိရသည်။

ကြာအင်းဆိပ်ကြီးမြို့နယ်တွင် ပြီးခဲ့သည့် ၂၀၁၉ ခုနှစ်တွင်လည်း မိုးအဆက်မပြတ်သွန်းမှုကြောင့် မြစ် ချောင်းရေနှင့် တောင်ကျရေစီးဆင်းမှုကြောင့် လမ်း၊ တံတား၊ လူနေအိမ်များ ထိခိုက်ပျက်စီးခဲ့ပြီး မွေးမြူရေး လုပ်ငန်းနှင့် စိုက်ပျိုးရေး လုပ်ငန်းများ ထိခိုက်ပျက်စီးမှုရှိခဲ့ရာ တောင်သူအချို့သည် ယနေ့အထိတိုင် ၎င်းတို့၏လုပ်ငန်းများ ပြန်လည်ထူထောင်နိုင်ခြင်း မရှိသေးကြောင်း ကျေးရွာတာဝန်ရှိသူများထံမှ သိရသည်။ http://kicnews.org/2021/08/

************************

## ၁၈။ ကိုဗစ်ကာလ ဒုက္ခသည်စခန်းရှိကလေးများ ပညာရေးအတွက် KRCEE မှ သင်ကြားရေးနည်းလမ်း ၂ခု ရွေးချယ်ထား

August 7, 2021

ဒုက္ခသည်စခန်းအတွင်းရှိ ကျောင်းသူကျောင်းသားများသည် ကျောင်းစာနှင့် အဆက်မပြတ်စေရေး အတွက် KRCEE မှ ရွေးချယ်ထားသည် နည်းလမ်း၂ခုသည် ရေဒီယိုတစ်ဆင့် အသံလွှင့်သင်ကြားရေးစနစ် (စမတ်ရေဒီယို)နှင့် Paper West စာရွက်ဖြန့်ပြီး သင်ကြားပို့ချခြင်းစနစ်ဟူ၍ နည်းလမ်းများ ရှာဖွေထားသည်။

ဒုက္ခသည်စခန်းများတွင် စာသင်ကျောင်းများစပိတ်ရသည့်အချိန်တွင် အိမ်တိုင်ရာရောက် သင်ကြားရေးစနစ်ကိုလည်း ယခင်က စီစဉ်ထားခြင်းရှိခဲ့သော်လည်း နောက်ပိုင်းတွင် အိမ်အပြင်ထွက်ခွင့်၊ ရပ်ကွက်ဖြတ်ကျော်ခွင့်မရတော့ဘဲ အိမ် တိုင်း Lock Down သတ်မှတ်သည့်အတွက် အဆိုပါသင်ကြားရေး နည်းလမ်း(၂)ကို ပြောင်းလဲစဉ်းစားထားခြင်းဖြစ် ကြောင်း စောထူးကပေါ်က ဆိုသည်။ ယမန်နှစ်က ကိုဗစ်ပထမလှိုင်း၊ ဒုတိယလှိုင်း ဖြစ်နေသည့် ၂၀၂၀-၂၀၂၁ ပညာသင်နှစ်တွင် ဒုက္ခသည်စခန်းများ၌ ပညာသင်နှစ်ပြီးဆုံးသည်အထိ သင်ကြားခွင့်ရသော်လည်း ၂၀၂၁-၂၀၂၂ ပညာသင်နှစ်ရောက်သည့်အချိန်တွင် အချို့ဒုက္ခသည် စခန်းများသည် တစ်လကြာသာကျောင်း ဖွင့်ခွင့်ရသလို ကျောင်းလုံးဝ မဖွင့်ရသည်များလည်းရှိသည်ဟု စခန်းတာဝန်ရှိ သူထံမှ သိရသည်။

ကိုဗစ်ကြောင့် KNU ထိန်းချုပ်နယ်မြေအတွင်းရှိ (KECD) လက်အောက်ခံ စာသင်ကျောင်းအမြောက်အများမှာ ၂၀၂၁ခု၊ ဇူလိုင်လမှစ၍ ကျောင်းပိတ်ထားလိုက်ရသလို ရောဂါထိန်းချုပ်နိုင်သည့် အချို့ကျေးရွာများတွင် ရွာအဝင်အထွက်ပိတ် ပြီး ကျောင်းဆက်လက်ဖွင့်နိုင်သည့် ကရင်ပညာရေးဌာန၏ စာသင်ကျောင်းအချို့လည်းရှိသည်။ http://kicnews.org/2021/08

*********************

## ၁၉။ ပလက်ဝမြို့တွင် လျှပ်စစ်မီး ပုံမှန်မပေးနိုင်သောကြောင့် ကိုဗစ်လူနာများ အောက်ဆီဂျင်ကို အလှည့်ကျဖြင့် ရှူနေရ

AUGUST 10, 2021

ချင်းပြည်နယ်တောင်ပိုင်း၊ ပလက်ဝမြို့တွင် ဩဂုတ်လ ၆ ရက်ကစပြီး လျှပ်စစ်မီးကို တရက်ခြားဖြင့် တစ်နေ့ ၃ နာရီခန့်သာ ဖြန့်ဖြူးပေးနိုင်တော့သည့်အတွက်ကြောင့် ပြည်သူ့ဆေးရုံတွင်ကြပ်မတ်ကုသနေကြသည့် ကိုဗစ်လူနာများအား အောက်ဆီဂျင် ကို အလှည့်ကျဖြင့် ရှူခိုင်းနေရသည်ဟု ပလက်ဝမြို့ ပြည်သူ့ဆေးရုံက ဒေါက်တာ ခိုင်ဝင်း ကပြောသည်။

ပလက်ဝမြို့တစ်မြို့လုံးကို ပေးနေသော လျှပ်စစ်မီးကို ယခင်က တရက်လျှင် ၄ နာရီအကြာ ဖြန့်ဖြူး ပေးခဲ့ပေမယ့် ဩဂုတ်လ ၆ ရက်နေ့ ညကစတင်ပြီး စက်အင်အားမနိုင်နင်းလာသောကြောင့်၂ ပိုင်းခွဲပြီး တစ်ရက်ခြားဖြင့် လျှပ်စစ်မီးကို ဖြန့်ဖြူးပေးနေရကြောင်း ပလက်ဝမြို့နယ် လျှပ်စစ်ရုံးမှူး ဦးကျော်ကျော် သီးက ပြောသည်။

ပလက်ဝမြို့တွင် မဟာဓာတ်အားလိုင်းမရသေးသည့်အတွက် လျှပ်စစ်မီးဖြန့်ဖြူးရာတွင် ၅၀၀ ကေဗီမီစက် ၁လုံးနှင့် ၃၀၀ ကေဗီစက် ၁လုံးကိုအသုံးပြုကာ ပလက်ဝမြို့ကို ၂ခြမ်းခွဲပြီး ၁ရက်ခြားဖြင့် ည ၆ နာရီကနေ ၁၀ နာရီထိ လျှပ်စစ်မီးကိုအသုံးပြုနိုင်ရန် အတွက် အလှည့်အကျ ဖြန့်ဖြူးပေးနေကြောင်းသိရသည်။ ချင်းပြည်နယ်တွင် မြို့နယ် ၉ မြို့နယ်ရှိပြီး ပလက်ဝမြို့ ၊ တီးတိန်မြို့ နှင့် တွန်းဇံမြို့တို့တွင် မဟာဓာတ်အားလိုင်း မရရှိသေးကြောင်းသိရသည်။ https://khonumthung.org/

*********************

## ၂၀။ ရိက္ခာသယ်ယူသည့်လမ်းကြောင်း တင်းကြပ်မှုကြောင့် မင်းတပ်မြို့ စစ်ဘေးရှောင်ပြည်သူများ ဆေးဝါးနှင့်ရိက္ခာများ ပြတ်လပ်မည့်အခြေအနေ ကြုံနေရ

**AUGUST 7, 2021**

ချင်းပြည်နယ်တောင်ပိုင်း၊ မင်းတပ်မြို့နယ်အတွင်းရှိ စစ်ဘေးရှောင်ပြည်သူများအတွက် ရိက္ခာသယ်ယူသည့်လမ်းကြောင်းကို အာဏာသိမ်းစစ်ကောင်စီက တင်းကြပ်ကာ စစ်ဆေးဖမ်းဆီးမှုများရှိနေသည့်အတွက် ဆေးဝါးနှင့် ရိက္ခာများပြတ်လပ်မည့်အခြေအနေကြုံနေရသည်ဟု သိရသည်။

မင်းတပ်မြို့နယ်တွင် ဇူလိုင်လ ၂၁ ရက်နေ့ကစပြီး စစ်ကောင်စီနှင့် CDF-Mindat တို့အကြား တကျော့ပြန် တိုက်ပွဲဖြစ်ပွားမှုကြောင့် တိုက်ပွဲဖြစ်ပွားသည့် အနီးအနားတွင်ရှိသော ပြည်သူများသည် ထပ်မံစစ်ဘေးရှောင်နေကြရပြီး လက်ရှိ မင်းတပ်မြို့နယ်တွင် စစ်ဘေးရှောင်လူဦးရေ တစ်သောင်းနှင့် တစ်သောင်းခွဲဝန်းကျင်ခန့်ရှိပြီး ကျေးရွာပေါင်း ၈၀ ခန့်တို့တွင် စစ်ဘေးရှောင်နေကြရသည်ဟု ၎င်းကပြောသည်။ မင်းတပ်မြို့နယ် မကွေးတိုင်းနယ်စပ် စံကျေးရွာရှိ စစ်ဘေးရှောင်စခန်းတွင် လူဦးရေ ၅၀၀ ဝန်းကျင်ရှိပြီး ၎င်း Camp တွင် ကိုဗစ်သံသယလူနာများရှိသည့်အပြင် ကျေးရွာထဲတွင်လည်း ကိုဗစ်သံသယလူနာတစ်ဦး သေဆုံးသည်ဟုလည်း သိရသည်။

မင်းတပ်မြို့နယ်တွင်ရှိသော စစ်ဘေးရှောင်ပြည်သူများအတွက် ဇူလိုင်လ ၁၉ ရက်နေ့က ကမ္ဘာ့ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) မှ ပေးပို့လိုက်သော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများကို စစ်ကောင်စီ၏ တားမြစ်ပိတ်ပင်မှုကြောင့် မင်းတပ်မြို့ပေါ်ရှိ စစ်ဘေးရှောင်စခန်း (၅) ခုက အိမ်ထောင်စု ၆၆ စု လူဦးရေ ၅၀၀ ကျော်ကျော်ခန့်ကသာ ရရှိခဲ့ကြပြီး စစ်ဘေးရှောင်အများစု ခိုလှုံကြသော ကျေးရွာဘက်နှင့် တောထဲရှိ စစ်ဘေးရှောင်စခန်းများက UNHCR ၏ ထောက်ပံ့ပစ္စည်းများကို ရရှိနိုင်ခြင်းမရှိကြပေ။ https://khonumthung.org/

**********************

## ၂၁။ ကက်သလစ်ဘုန်းတော်ကြီးနှင့် သင်းအုပ်ဆရာတစ်ဦးကို CDF ပြန်လွှတ်ပေး 0

AUGUST 5, 2021

ချင်းပြည်နယ်၊ ဟားခါးမြို့နယ်၊ ဆူရ်ခွာမြို့တွင် အာဏာသိမ်းစစ်ကောင်စီနှင့် ဆက်နွယ်မှုရှိသည်ဟုဆိုကာ ဖမ်းဆီးခံရသော ကက်သလစ် ဘုန်းတော်ကြီးတစ်ပါးနှင့် ခရစ်ယာန်သင်းအုပ်ဆရာတစ်ဦးကို ကတိခံဝန်ချက်ဖြင့် ဩဂုတ်လ ၄ ရက်နေ့က ပြန်လွှတ်ပေးလိုက်ပြီဟု Chinland Defense Force (CDF) ထံမှ သိရသည်။ ဆူရ်ခွါမြို့တွင် တာဝန်ထမ်းဆောင်နေသော Catholic Rev. Fr. Noel Hrang Tin Thang နှင့် သင်းအုပ်ဆရာတော် Pu Cung Hnin တို့နှစ်ဦးကို စစ်ကောင်စီနှင့် ပတ်သက်ဆက်နွယ်မှု၊ ပူးပေါင်းဆောင်ရွက်မှုကြောင့် CDF-Hakha တပ်ဖွဲ့က ဇူလိုင် ၂၆ ရက်နေ့က ဖမ်းဆီးထိန်းသိမ်းခဲ့ခြင်းဖြစ်သည်။

ယမန်နေ့ ဩဂုတ်လ ၄ ရက်နေ့ CDF-Hakha တာဝန်ရှိသူများနှင့် ကက်သလစ်အသင်းတော်မှ အသင်းလူကြီး တွေ့ဆုံဆွေးနွေးခဲ့ကြပြီး၊ CDF ဘက်မှတောင်းဆိုသည့်အချက် ၄ ချက်ကို သဘောတူကတိခံဝန်ချက် လက်မှတ်ရေးခဲ့ကြပြီးနောက် ပြန်လွှတ်ပေးခဲ့ခြင်းဖြစ်သည်။ ယခုကဲ့သို့ ပြန်လွှတ်ရခြင်းသည် လူအများလေးစားရသည့် ပုဂ္ဂိုလ်များဖြစ်သည့်အတွက်ကြောင့်

ပြစ်ဒဏ်ကို လျှော့ပေါ့သည့်အနေဖြင့် ပြန်လွှတ်ရခြင်းဖြစ်ပြီး အရပ်သားတစ်ဦးမှ လုပ်ဆောင်ပါက လုံးဝလက်ခံခွင့်လွှတ်မည် မဟုတ်ကြောင်း CDF-Hakha က တာဝန်ရှိသူက ဆက်ပြောသည်။

ယင်း ကတိခံဝန်ချက် ၄ ချက်မှာ Catholic Rev. Fr. Noel Hrang Tin Thang အနေဖြင့် အာဏာသိမ်းစစ်ကောင်စီနှင့် ပတ်သက်ဆက်နွယ်မှုမရှိရန်၊ CDF-Hakha ၏ မဟုတ်မမှန်သတင်းထုတ်လွှင့်မှုနှင့် စစ်ကောင်စီထံ သတင်းပေးခြင်းမပြုရန်၊ ဆူရုံခွါမြို့မှ ဟားခါးမြို့သို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရန်နှင့် စစ်ကောင်စီလက်အောက် တင်ဒါလုပ်ငန်းများမလုပ်ရန် စသည် တို့ဖြစ်ကြောင်း သိရသည်။

ကက်သလစ်ဘုန်းတော်ကြီးသည် စစ်ကောင်စီတပ်ဖွဲ့ဝင်များ ဆူရုံခွါမြို့မှ ခြေကုတ်ယူနိုင်ရန် ဆက်သွယ်ကူညီပံ့ပိုးခြင်း၊ ဘုန်းတော်ကြီးကိုယ်တိုင် Seng Thang ဆိုသည့် ကုမ္ပဏီတည်ထောင်ပြီး စစ်ကောင်စီ၏ တင်ဒါလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ CDF-Hakha ၏ နယ်မြေဖြစ်သည့် senthang နယ်မြေအတွင်း ဝင်ရောက်လာသော ခလရ-၃၀၅ က စစ်ကောင်စီတပ်သား ၅၇ ဦးကို ဇူလိုင်လ ၁ ရက်နေ့က ကြိုဆိုခြင်း၊ စစ်ကောင်စီကထောက်ပံ့သော ဆေးဝါးများယူကြရန် ရွာသားများအား သွေးဆောင် စည်းရုံးခြင်း၊ CDF ၏ မဟုတ်မမှန်သောသတင်းများကို သက်ဆိုင်ရာလူကြီးတွေထံ သတင်းပေးခြင်း စသည့်လုပ်ရပ်များ လုပ်ဆောင်ခဲ့သည့်အတွက် ဖမ်းဆီးခံခဲ့ရခြင်းဖြစ်သည်ဟု ဩဂုတ်လ ၁ ရက်နေ့က ထုတ်ပြန်သည့် CDF-Hakha ၏ ကြေညာ ချက်တွင် ဖော်ပြထားသည်။ https://khonumthung.org/

*********************

## ၂၂။ စစ်ကောင်စီအုပ်စု ကျောက်မဲ ပြည်သူနေအိမ်ထဲ ဝင်မွှေပြီး ပစ္စည်းများကို ဖျက်ဆီး

August 10, 20210

သျှမ်းပြည်မြောက်ပိုင်း ကျောက်မဲမြို့တွင် စစ်ကောင်စီ အုပ်စုသည် ပြည်သူနေအိမ်ထဲသို့ ဝင်ရောက်ရှာဖွေပြီး နေအိမ်ထဲရှိ ပစ္စည်းများကိုပါ ရိုက်ချိုးဖျက်ဆီးခဲ့ကြောင်း စုံစမ်းသိရှိရသည်။ ဖြစ်စဉ်မှာ ဩဂုတ် ၈ ရက် ည (၁၁) နာရီ ဝန်းကျင်တွင် ကျောက်မဲမြို့ ရပ်ကွက် (၇) ရှိနေအိမ်တလုံးအတွင်းသို့ စစ်ကောင်စီ အုပ်စု လက်အောက်ခံ ရဲများသည် အင်အား အလုံးအရင်းဖြင့် လာရောက်ရှာဖွေစစ်ဆေးခဲ့ပြီး၊ ထိုအိမ်ထဲတွင် လူတဦးတယောက်မျှ မရှိသဖြင့် ဆိုင်ကယ်တစ်စီးနှင့် နေအိမ်အတွင်းရှိ ပစ္စည်းများ ကို ဖျက်ဆီးခဲ့ကြောင်း ကျောက်မဲမြို့ ဒေသခံ အသက် (၄၅)ကျော် အမျိုးသားတစ်ဦးက သျှမ်းသံတော်ဆင့်ကို ပြောသည်။

ထိုနေအိမ်တွင် လွန်ခဲ့သည့် ဩဂုတ် ၆ ရက်တွင် စစ်ကောင်စီက အင်အားအလုံးအရင်းဖြင့် ၅၀၅ ဖြင့် အမှုဖွင့်ခံထားရသည့် လူငယ်ကိုသွားရှာဖွေခဲ့သည့် အိမ်ဖြစ်လည်းဖြစ်သည်။ ထိုနေ့တွင် ၅၀၅ က ဖြင့် အမှုဖွင့်ခံထားရသည့် လူငယ်ကို မတွေ့ရှိခဲ့သဖြင့် နေအိမ်တွင် ကျန်ရှိနေသည့် အသက် (၂၂) အရွယ်ရှိ လူငယ်တဦးကို ဖမ်းဆီးသွားပြီး ရိုက်နှက်စစ်ဆေးရာတွင် ခြေထောက်ကျိုး သွားခဲ့ကြောင်း ကျောက်မဲဒေသခံများပြောပြချက် အရသိရသည်။ ကျောက်မဲမြို့တွင် စစ်ကောင်စီများက မြို့တွင်းအရပ်ဝတ်ဖြင့် လှည့်လည်နေပြီး စစ်အာဏာရှင်ဆန့်ကျင် သူများကို ညအချိန်တွင် ဝင်ရောက်ဖမ်းဆီးရိုက်နှက်လေ့ရှိကြောင်း သိရသည်။

ဖေဖော်ဝါရီ ၁ ရက်နေ့ စစ်အာဏာသိမ်းယူပြီးနောက်ပိုင်း ကျောက်မဲမြို့တွင် စစ်ကောင်စီမှ ဖမ်းဆီးထားသူ စုစုပေါင်း ၂၀ ကျော်ရှိပြီး ၎င်းတို့ကို မိသားစုဝင်များနှင့် အဆက်သွယ်ဖြတ်တောက်ထားကာ မည်သည့်နေရာတွင် ဖမ်းဆီးထားကြောင်းလည်း မသိရှိရကြောင်းသိရသည်။ https://burmese.shannews.org/archives/23572

***********************

## ၂၃။ သျှမ်းပြည်မြောက်ပိုင်း သျှမ်းတပ် (၂) တပ် စစ်သားစုဆောင်းမှု အပြိုင်အဆိုင်ပြုလုပ်လာ

August 10, 2021

သျှမ်းပြည်မြောက်ပိုင်းတွင် ယခုရက်ပိုင်း သျှမ်းစစ်တပ် (၂) သည် ကျေးရွာအတွင်း တပ်သားသစ်များ အပြိုင်အဆိုင် ကောက်ယူနေကြောင်း မြေပြင်သတင်းအရ စုံစမ်းသိရသည်။ သျှမ်းပြည်မြောက်ပိုင်းတွင် တိုင်းရင်းသားလက်နက်ကိုင် အချင်းချင်း တိုက်ပွဲပြင်းထန်လာပြီးနောက် သျှမ်းစစ်တပ် (၂) တပ်က လူသစ်စုဆောင်းမှုများ အပြိုင်အဆိုင် ကောက်လာသည့် အတွက် ဒေသခံပြည်သူများစိုးရိမ်နေကြပြီး၊ ကြောက်ရွံ့ထွက်ပြေးနေရသည် ဟု သတင်းရရှိသည်။

ထို့ပြင် ယမန့်နေ့ (ဩဂုတ် ၈ )ရက် တွင် သျှမ်းပြည်တိုးတက်ရေးပါတီ၊ သျှမ်းပြည်တပ်မတော် ( SSPP/SSA ) က မူဆယ်မြို့နယ် မန်းကောင်းဝိန်း နမ့်အွမ်ကျေးရွာတွင် အသက်(၁၀)နှစ် အရွယ်ရှိ လူငယ်ကို တပ်သားသစ်စုဆောင်းသွားပြီး ပြည်သူများက လမ်းမပေါ်ထွက်ဆန္ဒပြသည့် ရုပ်သံတခု လူမှုကွန်ရက် စာမျက်နှာတွင် ပျံ့နှံ့ခဲ့သည်။ ယမန်နေ့ လာခေါ်သည့် SSPP/SSA တပ်သားဟောင်းကိုလည်း ဖမ်းဆီးခေါ်ဆောင်သွားခြင်းမရှိကြောင်း သိရသည်။

ယမန့်နေ့ ဩဂုတ် ၈ ရက်နေ့တွင် လူလာဖမ်းသည့် ကိစ္စနှင့်ပတ်သတ်ပြီး သျှမ်းပြည်တိုးတက်ရေးပါတီ SSPP info လူမှုကွန်ယက် စာမျက်နှာပေါ်တွင် တပ်သားဟောင်းကို သွားရောက်ခေါ်ယူခဲ့ကြောင်း ထုတ်ပြန်ထားသည်။ ထိုနည်းတူ သီပေါမြို့နယ် စံဖိတ်ကျေးရွာအုပ်စုအတွင်းတွင် ဩဂုတ် ၅ ရက်၌ သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ၊ သျှမ်းပြည်တပ်မတော် (RCSS/SSA) က တပ်သားသစ် လာရောက် ခေါ်ယူကြောင်းသိရသည်။ ထိုသို့ တပ်သားသစ် စုဆောင်းရေးနဲ့ပတ်သတ်ပြီး သျှမ်းပြည်ပြန်လည်ထောင်ရေးကောင်စီ RCSS/SSA ပြောခွင့်ရ ဗိုလ်မှူးကြီးစိုင်းခမ်းစံက လက်ရှိတွင် တပ်သားသစ်ကောက်ယူမှုမရှိကြောင်း သျှမ်းသံတော်ဆင့်ကို ပြောသည်။ https://burmese.shannews.org/archives/23565

**************************

## ၂၄။ စစ်တွေမှာ ညှော်စာရင်းတိုင်ကြားရန် ကြေညာနေ

2021-08-09

ရခိုင်ပြည်နယ် စစ်တွေမြို့ပေါ်မှာ ညှော်စာရင်းတိုင်ကြားဖို့ကို ဒီနေ့ နေ့လယ်မှာလည်း မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနက အသံချဲ့စက်နဲ့ လိုက်လံကြေညာနေပါတယ်။

ရခိုင်ပြည်နယ်အတွင်းမှာရှိတဲ့ မြို့နယ်တွေ၊ ရပ်ကွက်တွေ၊ ကျေးရွာတွေအလိုက် ညှော်စာရင်း တိုင်ကြားခြင်း၊ စစ်ဆေးခြင်းတွေကို ရဲ၊ လဝက၊ စစ်တပ်၊ ဌာနဆိုင်ရာတွေနဲ့ အုပ်ချုပ်ရေးမှူးတွေ ပါဝင်တဲ့ ပူးပေါင်းအဖွဲ့တွေနဲ့ စစ်ဆေးသွားဖို့စတဲ့ အစည်းအဝေး ဆုံးဖြတ်ချက်မှတ်တမ်းကို ပြီးခဲ့တဲ့ ဩဂုတ်လ ၅ ရက်နေ့က ရခိုင်ပြည်နယ် ဥပဒေချုပ် ဦးလှသိန်းရဲ့ ဖေ့စ်ဘွတ်ခ်လူမှုစာ မျက်နှာမှာ ဖော်ပြခဲ့တာပါ။ ပြည်နယ်အစိုးရအဖွဲ့ရဲ့ ရုံးခန်းမှာ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး အပါအဝင်၊ ဝန်ကြီးချုပ်၊ ဝန်ကြီးတွေနဲ့ ပုံမှန်အစည်းအဝေးမှာ အခုလို ဆုံးဖြတ်လိုက်တာဖြစ်ပြီး ဘယ်နေ့ဘယ်ရက်မှာ ညှော်စာရင်း စစ်ဆေးသွားမယ် ဆိုတာကိုတော့ မသိရသေးပါဘူး။

ရခိုင်ပြည်နယ် စစ်တွေမြို့ပေါ်မှာ ပြီးခဲ့တဲ့ ဇူလိုင်လ ၂၇နဲ့ ၂၈ ရက်နေ့တွေမှာ ပေါက်ကွဲမှု ၅ ကြိမ်ဖြစ်ပွားခဲ့ပြီး နောက်ပိုင်း ရဲတွေတွေက လမ်းသွားလာတွေနဲ့ ဆိုင်ကယ်တွေကို စစ်ဆေးနေတာလည်း ရှိနေပါတယ်။ https://www.rfa.org/burmese/news/administration-law-in-sittwe-08092021071845.html

## ၂၅။ စစ်ကောင်စီတပ်များ လက်နက်အပြည့်အစုံဖြင့် လာရောက်ပူးပေါင်းပါက မင်းတပ် (CDF)မှ တစ်ဦးလျှင်ဆုကြေး သိန်း၅၀ထုတ်ပေးမည်

ဩဂုတ် -၁၀

စစ်ကောင်စီတပ်မှ ရဲဘော်များအနေဖြင့် ပြည်သူကိုအမိ အဖအဖြစ် အသိမှတ်ပြုပြီး ပြည်သူနဲ့အတူရပ်တည်လိုတဲ့ ရဲဘော်များ အနေဖြင့် လက်နက်ခဲယမ်းအပြည့်အစုံနှင့် လာရောက်ပူး ပေါင်းပါကတစ်ဦးလျှင်ဆုကြေး ငွေကျပ်သိန်း ၅၀ထုတ်ပေးမည့်အပြင် ပြည်ပနိုင်ငံများတွင် သွားရောက်ခိုလှုံနိုင်ရန် စီမံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မင်းတပ် CDFအဖွဲ့မှ ထုတ်ပြန် လိုက်သည်။

ဩဂုတ်လ ၇ ရက်နေ့ ညဦးပိုင်းတွင် ကျောက်ထုလေယာဥ်ကွင်းအတွင်းရှိ တာဝန်ကျရဲဘော် ၁၀ဦးလက်နက်အပြည့်အစုံဖြင့် တပ်ထဲမှ ထွက်ပြေးခဲ့ကြပြီး တစ်ဦးမှာ စစ်ကောင်စီက ပြန်လည်ဖမ်းမိခဲ့ကြောင်းသိရသည်။

ယခုရက်ပိုင်းအတွင်း မင်းတပ် အနီးအနားရှိ ရွာများတွင်လည်း စစ်ကောင်စီတပ်များမှ ထွက်ပြေးသွားသော ရဲဘော်များကို လိုက်လံရှာဖွေနေလျှက် ရှိကြောင်း သိရသည်။ http://www.mizzimaburmese.com/article/84631

********************

## ၂၆။ ကရင်နီလက်နက်ကိုင်ပူးပေါင်းတပ်နှင့် စစ်ကောင်စီ ယနေ့တိုက်ပွဲဆက်ဖြစ်

ဩဂုတ် ၉

ကရင်နီအမျိုးသားတိုးတက်ရေးပါတီ(KNPP/KA)နှင့် ကရင်နီအမျိုးသားကာကွယ်ရေးတပ်ဖွဲ့(KNDF) ပူးပေါင်းအဖွဲ့နှင့် အာဏာသိမ်းစစ်ကောင်စီတပ်တို့သည် ယနေ့ ဩဂုတ် ၉ရက်တွင် တိုက်ပွဲဆက်လက်ဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်ဖွဲ့ဝင်များ သေဆုံးထိခိုက်မှုရှိခဲ့သည်ဟု KNDFက ထုတ်ပြန်သည်။

ဩဂုတ် ၈ရက်က တိုက်ပွဲဖြစ်ပွားခဲ့သည့် ဖရူဆိုမြို့နယ် အတွင်းသို့ ထိုးစစ်ဆင်လာသည့် စစ်ကောင်စီတပ်ကို ကရင်နီလက်နက်ကိုင်ပူးပေါင်းတပ်က ခုခံတိုက်ခိုက်ခဲ့၍ ယနေ့ နေ့လယ်နှင့် ညနေပိုင်း၌ တိုက်ပွဲ နှစ်ကြိမ်ဖြစ်ခဲ့သည်ဟုဆိုသည်။ တိုက်ပွဲဖြစ်စဉ်များအတွင်း အကြမ်းဖက်စစ်ကောင်စီတပ်မှ ထိခိုက်သေဆုံးမှုများရှိပြီး သေဆုံးမှု အရေအတွက်ကို အတည်မပြုနိုင်သေးကြောင်း ထုတ်ပြန်ခဲ့သော်လည်း ကရင်နီလက်နက်ကိုင်ပူးပေါင်းတပ်မှ အဖွဲ့ဝင်များ ထိခိုက်မှုရှိမရှိကိုမူ ဖော်ပြမထားပေ။

ကရင်နီလက်နက်ကိုင်ပူးပေါင်းတပ်ဖွဲ့နှင့် စစ်ကောင်စီတပ်တို့သည် ဇူလိုင်လအတွင်း လွိုင်ကော်နှင့် ဘောလခဲမြို့နယ်၌ တိုက်ပွဲများဖြစ်ပွားခဲ့ပြီး ယခု ဩဂုတ်လတွင် ဘောလခဲ၊ ဖရူဆိုနှင့် ဖယ်ခုံမြို့နယ်များ၌ တိုက်ပွဲများ မကြာခဏ ဖြစ်ပွားခဲ့သည်။ ထိုးစစ်ဆင်လာသည့် စစ်ကောင်စီတပ်ကို ကရင်နီပူးပေါင်းတပ်က ကြားဖြတ်တိုက်ခိုက်မှုများ၊မိုင်းဆွဲတိုက်ခိုက်မှုများ၊ ခြောင်းမြောင်းပစ်ခတ်မှုများ လုပ်ဆောင်ခဲ့၍ စစ်ကောင်စီတပ်ဘက်က ပိုမိုအထိနာခဲ့သည်ဟုဆိုသည်။ တိုက်ပွဲများကြောင့် ဒေသခံများ စစ်ဘေးတိမ်းရှောင်နေကြရပြီး အရေးပေါ် အကူအညီများလည်း လိုအပ်လျက်ရှိသည်။

http://www.mizzimaburmese.com/article/84614

မှတ်ချက်။ သက်ဆိုင်ရာသတင်းမီဒီယာအသီးသီးမှ ကောက်နုတ်ဖော်ပြခြင်းဖြစ်ပါသည်။

** ပြီး **